
# မသန်စွမ်းသူများနှင့်လက်တွဲလုပ်ဆောင်ရာတွင် သိထားရမည့်အချက်များ

**ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံသောအခါ -**

- ကိုယ်အင်္ဂါချို့ယွင်းချက်အပေါ် အာရုံမထားပဲ တန်းတူဆက်ဆံပါ။ အထူးအဆန်းသဖွယ် စူးစိုက်တွေဝေ မကြည့်ပါနှင့်။
- သနားဂရုဏာသက်ဟန်/ ရင်ထုမနာဖြစ်ဟန်မပြဘဲ စာနာစိတ်အပြည့်ဖြင့် ပေါင်းသင်းဆက်ဆံပေးပါ။
- အခွင့်ထူးခံကဲ့သို့ သဘောမထားဘဲ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ကို တတ်နိုင်သမျှ ဖန်တီး ပေးပါ။
- ဂျိုင်းထောက်/လက်ထောက်အသုံးပြုသူများနှင့် အတူသွားသည့်အခါ အနီးကပ် လျှောက်ခြင်းမှ သတိပြုရန်။
- ဝှီးချဲလ်အသုံးပြုသူ ထိုင်နေစဉ် တွန်းတော့မည်ဆိုလျှင် အသိပေးပါ။
- ကုန်းအတက်ကို တက်သောအခါ ဝှီးချဲလ်ကို နောက်လက်ကိုင် နှစ်ဘက်ကို ကိုင်ပြီး နောက်ဘက်မှ တွန်းတက်ပါ။ ဆင်းသောအခါ ပြောင်းပြန် အနေအထားဖြင့် ထိန်းပြီး ဆင်းပါ။







**အမြင်အာရုံမသန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံသောအခါ**

- ငြင်သာစွာ ထိတွေ့/အချက်ပေးပြီးမှ စကားပြောဆိုပါ။ သင် မည်သူမည်ဝါဖြစ်ကြောင်း အရင်ဖော်ပြပြီး ပုံမှန်အသံဖြင့် စကားပြောဆိုပါ။
- သူရှိနေသော အခန်းထဲသို့ ဝင်/ထွက်သောအခါ ဦးစွာ နှုတ်ဆက်အချက်ပေးပါ။
- ကြည့်စမ်း/တွေ့လား/ဒီနားမှာ/ဟိုဘက် စသော စကားလုံးများ သုံးနှုန်းခြင်းကို ရှောင်ကြဉ်၍ တိကျစွာ လမ်းညွှန်ပြောဆိုပေးပါ။
- သွားလာသောအခါ သင်၏လက်မောင်းကို ကိုင်ထားစေပြီး လမ်းပြခေါ်ဆောင်ပေးပါ။ လူသွားလူလာများသော လမ်းမများပေါ်တွင် သွားလာရာတွင် သူ၏ရှေ့မှ ကိုယ်တစ်ခြမ်းကွယ်၍လည်းကောင်း၊ ကျဉ်းမြောင်းသော နေရာများတွင် ရှေ့တည့်တည့်မှ တကိုယ်လုံးကွယ်၍လည်းကောင်း ဦးဆောင်လမ်းပြခေါ်ဆောင်ပါ။
- ထိုင်သော အခါ ထိုင်ခုံ၏ထိုင်ရမည့်နေရာနှင့် နောက်ကျောမှီရမည့်နေရာကို လက်ဖြင့်ထိတွေ့သိစေပါ။

- ဘတ်စ်ကား/ရထား စီးနင်းသောအခါ လက်ကိုင်ကွင်း/တန်းကို မိမိရရ ကိုင်ထားစေပါ/ ကိုင်ထားနိုင်ဖို့ ကူညီပေးပါ။
- ယာယီခိုလှုံရာနေရာဖြစ်လျှင် အရေးပေါ်ဝင်ပေါက် ထွက်ပေါက်နှင့် သန့်စင်ခန်းရှိရာ နေရာတို့ကို သိရှိထားစေပါ။
- ညှော်ခံကျွေးမွေးလျှင် သူ၏ရှေ့တွင် မည်သည့် အစားအစာများ ရှိကြောင်းကို လက်ဖြင့် ထိတွေ့အသိပေး၍ လည်းကောင်း/ နာရီလက်တံလှည့် အနေအထားဖြင့်လည်းကောင်း အသိပေးထားပါ။

**အကြားအာရုံမသန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံသောအခါ**

- ဆက်သွယ်လိုသောအခါ သူမြင်သာသောနေရာမှ သတိပြုမိအောင် အချက်ပြပြီး သူ၏အာရုံစိုက်မှုကို စတင်ရယူပါ။ (သူ့ပုခုံးကို ညင်သာစွာ ပုတ်၍လည်းကောင်း၊ သူမြင်သာအောင် သင်၏လက်ကို ဝှေ့ယမ်းခြင်းဖြင့် လည်းကောင်း၊ ပေါ့ပါးသော အရာဝတ္ထုဖြင့်ပေါက်၍လည်းကောင်း)
- သူသည် သင့်နှုတ်ခမ်းလှုပ်ရှားမှုနှင့် မျက်နှာအမူအရာကို အကဲခတ် ကြည့်ရှုရပေရာ သင့်မျက်နှာကို လက်/ စာအုပ်/ ယပ်တောင်နှင့် ကွယ်ထားခြင်း အခြေအနေ မဖြစ်ပါစေနှင့်။ အလင်းရောင် ကောင်းစွာရသော အနေအထားဖြစ်ပါစေ။
- စကားပြောဆိုရာတွင် စကားလိမ်များ/ ဗန်းစကားများ သုံးနှုန်းခြင်းကို ရှောင်ကြဉ်ပြီး ဖြည်းဖြည်းနှင့်ရှင်းလင်းစွာ ပြောဆိုပေးပါ။
- အခြေအနေပေးပါက စာရေးပြီး ဆက်သွယ်ပြောဆိုပါ။
- လက်သင်္ကေတပြဘာသာဖြင့် (သို့) ဘာသာပြန်၏အကူအညီဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။ နားကြားသူတစ်ဦးကဲ့သို့ပင် သဘောထားပြီး ဆက်ဆံပြောဆိုပေးပါ။
- စကားပြောသောအခါ ဖြည်းဖြည်းနှင့်ရှင်းလင်းစွာ ပြောပြပါ။
- နားလည်ရန် ခက်ခဲသောအခါ စာရေးပြပါ။
- အကြားအာရုံမသန်စွမ်းသူများနှင့် စကားပြောသောအခါ မျက်နှာချင်းဆိုင် အနေအထားဖြင့် သင်၏ မျက်နှာအမူအရာနှင့် လက်လှုပ်ရှားမှု ပုံသဏ္ဍာန်များကို တတ်နိုင်သလောက် သုံးခြင်းဖြင့် ဆက်သွယ်ပြောဆိုမှုကို ပိုမိုအဆင်ပြေချောမွေ့စေပါ။

**ဉာဏ်ရည်မသန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံသောအခါ**

- စကားပြောဆိုသောအခါ သူစိတ်ဝင်စားသည့် (သို့) ရင်းနှီးပြီးသား အကြောင်းအရာ တို့ဖြင့် စတင်ပြောဆိုပါ။
- သူတို့တွင် ဘာသာစကားကို ချက်ချင်း လက်ခံနားလည် တုန့်ပြန်ရန် အခက်အခဲ ရှိနိုင်သဖြင့် ပြန်လည်တုန့်ပြန်မှု ရရှိသည်အထိ စိတ်ရှည်စွာ ပြောဆိုပေးပါ။
- ပုဂ္ဂိုလ်ရေး (သို့) စိတ်အနှောက်အယှက်ဖြစ်ဖွယ် မေးခွန်းမျိုး မေးခဲ့လျှင်/ အပြုအမူမျိုး ပြုလုပ်ခဲ့လျှင် စိတ်မဆိုးပဲ နှောင်ဤသို့မမေးရန်/မပြုရန် ပြောပြပါ။
- အရွယ်ရောက်ပြီးသော ဉာဏ်ရည်မသန်စွမ်းသူများကို သူတို့၏ အသက်အရွယ် အလိုက်သာ ပြောဆိုဆက်ဆံပေးပါ။